## မြန်မာပြန်သူ၏အမှာ

မိုက်ကယ်ဘားရက်၏ ပထမစာအုပ်ကို 'လူစွန့်စား'ဟူသော အမည်ဖြင့် မြန်မာပြန်ဆို ရေးသား၍ ၁၉၈၃ ခုနှစ် နီဝင်ဘာလက အရိုင်းစာပေမှ ထုတ်ဝေခဲ့ပါသည်။ မိုက်ကယ်ဘားရက်သည် ဘာသာပြန် စာဖတ်ပရိသတ်များ ကြားမှူ့ သိဖူးခြင်း မရှိကြသော်လည်း ဖတ်ရှုအားပေး ကြပါသည်။ နှစ်မြိုက်သဘောကျကြကြောင်း ပြောလာကြသဖြင့် ကျွန်တော့် စိတ်ထဲမှာ ကျေနပ်ပီတိဖြစ်ရပါသည်။ စေတနာထား၍ ရှာဖွေပြန်ဆိုရခြင်းလည်း နပ်သွားပါသည်။

တကယ့်တကယ် 'မိုက်ကယ်ဘားရက်'၏ စာအုပ်များနှင့် ကျွန်တော် ဆုံစည်းရသည်က ဤသို့ဖြစ်ပါသည်။

ကျွန်တော် ပထမဆုံးဖတ်ဖူးသော စာအုပ်မှာ (The Phantom Conspiracy)ယခုစာအုပ်တွင် 'အတိတ်တစ္ဆေ'ဖြစ်ပါသည်။ သူ၏ ဝတ္ထုဇာတ်လမ်း၊ သူ၏ရေးဟန်ကို ကျွန်တော် သဘောကျပါသည်။ သူ၏ ကလောင်အမည်မှာ မြန်မာဘာသာပြန် စာဖတ်ပရိသတ်နှင့် မရင်းနှီးသေးသော်လည်း စာအုပ် တကယ်ကောင်းပြီဆိုပါလျှင် ပရိသတ် ကျေနပ်လက်ခံမည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ထို့ကြောင့် သူ၏ 'အတိတ်တစ္ဆေ'စာအုပ်ကို စတင်၍ ပြန်ဆိုပါသည်။

'အတိတ်တစ္ဆေ'ဝတ္ထု ပထမပိုင်း မြန်မာပြန်ဆို၍ ပြီးခါနီးအချိန် ၌ 'လူစွန့်စား'(The Enigma) ဝတ္ထုကို ဖတ်ရပါသည်။ သည်တွင် ကျွန်တော်က 'အတိတ်တစ္ဆေ'ဝတ္ထုကို ပထမပိုင်းမှာပင် ခဏရပ်ထားပြီး 'လူစွန့်စား' တစ်အုပ်လုံးကို ပြန်ဆိုဖို့ ဆုံးဖြတ်လိုက်ပါသည်။ အကြောင်းမှာ ပထမအချက်သည် ဇာတ်လမ်းသဘော အနေအထားကြောင့် ဖြစ်ပါသည်။ ဒုတိယအချက်သည် ဝတ္ထုအတိုအရှည်တို့ကြောင့် ဖြစ်ပါသည်။

ဇာတ်လမ်းသဘောအရ 'လူစွန့်စား'ဝတ္ထုသည် နာဇီတို့လက်အောက်သို့ ကျရောက်လျက်ရှိသော ပါရီသို့ နာဇီတို့၏ တန်ဖိုးကြီးလှသော လျှို့ဝှက်စက် (Enigma)ကို ခိုးရန်လာသော သူခိုးအကျော်နှင့် ဂျာမာန်စပိုင်အဖွဲ့ချုပ်မှ



လူယုံတော်တို့ ပညာပြိုင်ကြသောဇာတ် ဖြစ်ပါသည်။ ဇာတ်၏ အခြေပြုမြင်ကွင်းမှာ နာဇီတို့ လက်အောက်ရှိ ပါရီမြို့တော်မှာ ဖြစ်ပါသည်။ ထိုအချိန်က ပါရီမြို့တော်တွင် ရုံးစိုက်နေသော ဂက်စတာပို အဖွဲ့ခေါင်းဆောင် အော်တိုဘရန်ဒဲလ်သည် ဥရောပ တစ်ခွင်မှ အနုပညာနှင့် ရတနာပစ္စည်းကို လုယက်၍ ဂျာမနီမှ ဗိုလ်ချုပ်ဂိုရင်းထံသို့ ပေးပို့နေပါသည်။

'အတိတ်တစ္ဆေ'ဝတ္ထု၏ ဇာတ်အခြေပြုသည့် အကြောင်းတစ်ရပ်မှာ နာဇီလက်ထက်က ပါရီတွင် တထီးတနန်း လုယက်လုပ်ရှားခဲ့သည့် အော်တိုဘရန်ဒဲလ်နှင့် ၎င်းကပေးပို့ခဲ့သော ရတနာနှင့် အနုပညာပစ္စည်းများ ပေးပို့ခံရသည့် ဗိုလ်ချုပ်ကြီးဂိုရင်းတို့သည် အရေးကြီးလှသော အတိတ်ဖြစ်ရပ်၊ အခြောက်ခံရသော တစ္ဆေဇာတ်လမ်းအကြောင်း ဖြစ်နေပါသည်။ ထို့ကြောင့် ဇာတ်လမ်းချင်း တခြားစီပြသော်လည်း 'လူစွန့်စား'ဝတ္ထုကို ဖတ်ဖူးထားခြင်းဖြင့် နာဇီခေတ် ပါရီ အခြေအနေတချို့နှင့် ဇာတ်ဆောင်နှစ်ဦးဖြစ်သော အော်တိုဘရန်ဒဲလ်နှင့် ဂိုရင်းတို့အကြောင်းကို တစ်စွန်းတစ်စ သိထားနှင့်နိုင်သည်ဟု ကျွန်တော် ယူဆမိပါသည်။ ထို့ကြောင့်လည်း 'လူစွန့်စား'ကို ပထမ စာအုပ်အဖြစ် ကျွန်တော် ရေးသားပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

'အတိတ်တစ္ဆေ'၏ ဇာတ်သဘောမှာ ဤသို့ဖြစ်ပါသည်။

သမိုင်းစာရေးဆရာ ကလင့်ကရက်ကို ယနေ့ခေတ်အထိ ရှာမတွေ့တော့သော 'ဂိုရင်း၏ ရတနာသိုက်'နှင့် ထိုအကြောင်း အဖြစ်မှန်သမိုင်းကို ရှာဖွေရေးသားပြုစုရန် တာဝန်ပေးခြင်း ခံရသည်။ ကလင့်သည် ထိုအတိတ်မှ အဖြစ်ပေါင်းကို ဖော်ထုတ်ရန် ပြင်သစ်ပြည် မြို့တော်ပါရီ၊ ကမ္ဘာကျော် နရင်ဘတ် စစ်ခုံရုံးထိုင်ရာ နရင်ဘတ်မြို့များသို့ သွားရောက်၍ အချက်အလက်များ ရှာဖွေစုဆောင်းပါသည်။ ထိုစဉ် အသက်အန္တရာယ်ပြုခြင်း ခံရပါသည်။ အလွန်လှသော မိန်းကလေးတစ်ယောက်နှင့်လည်း ဆုံစည်းရပါသည်။ ထိုမိန်းကလေး၏ ဖခင်မှာ အမေရိကန် သမ္မတရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးခံမည့် သမ္မတလောင်းတစ်ဦး ဖြစ်နေပါသည်။ ကလင့်၏ ရှာပုံတော်သည် ပုတ်သင်ဥတူးရာ မြောင်ဖြစ်ပေါ်လာသကဲ့သို့ 'အတိတ်တစ္ဆေ' ဖြစ်ရပ်ကြီးတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။ ရန်ပြုမည့်သူများ ထပ်ခါထပ်ခါ တွေ့နေရသလို အဖြစ်အပျက်များသည် ပို၍ ပို၍ ထူးဆန်းလာပါတော့သည်။

ဂျူရီတာမြို့တော်သည် သမိုင်းတွင်မည့် ဆွေးနွေးပွဲကျင်းပဖြစ်လာသည်။ မဏ္ဍဆီကိုပြည်တွင် အလောင်းကောင်များကို မမြုပ်နှံပဲ သည်အတိုင်းထားသော ရုပ်အလောင်းပြတိုက်မှာ သဲလွန်စရှာရသည်။ ဝါရှင်တန်မြို့တော်တွင် သမ္မတ ရွေးချယ်ပွဲအတွက် အကြိတ်အနယ် ဆင်နွှဲနေကြရသည်။ အမေရိကန်



နိုင်ငံရေးအပြောင်းအလဲသည် ရုရှားပြည်အတွက်လည်း ပတ်သက်လာရသည်။ ရေနံဈေးကွက်ဖြင့် ကမ္ဘာကို ကိုင်လှုပ်နေသည့် အိုပက် ရေနံအဖွဲ့ချုပ်ကြီး၏ လှုပ်ရှားမှုလည်း ပါလာသည်။

ဤသို့…ဤသို့ဖြင့် အတိတ်မှ အဖြစ်ပေါင်း၊ မျက်မှောက် နိုင်ငံတကာ ရေးရာများကို သူ့အမြင် သူ့ရှုထောင့်မှ ရေပက်မဝင်၊ လက်မှ မချနိုင်အောင် ရေးသားထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

'လူစွန့်စား'ဝတ္ထုကို နှစ်မြိုက်သည် ဆိုပါလျှင် ဤ 'အတိတ်တစ္ဆေ' ဝတ္ထုကို ပို၍နှစ်သက်မည်ဟု ကျွန်တော် ယုံကြည်၍ ပြန်ဆိုလိုက်ရခြင်း ဖြစ်ပါသည်။

အစဉ်လေးစားလျက်
မောင်မိုးသူ